**ကာကွယ်ဆေး အချက်အလက် ဖော်ပြချက်**

# ရေကျောက်/မျောက်ကျောက် ကာကွယ်ဆေး(JYNNEOS™)- *သင်သိထားရမည့် အကြောင်းအရာများ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

**ကာကွယ်ဆေး အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။** www.immunize.org/vis **တွင် ကြည့်ရှုပါ။**

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**ရေကျောက်/မျောက်ကျောက် ကာကွယ်ဆေး** (JYNNEOS™) သည် ရေကျောက်၊ မျောက်ကျောက်နှင့် vaccinia ဗိုင်းရပ်စ်အပါအဝင် ကျောက်ရောဂါဗိုင်းရပ်စ်များကြောင့်ဖြစ်ပွားသော အခြားရောဂါများကို ကာကွယ်ပေးနိုင်သည်။

ရေကျောက်ရောဂါသည် variola ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသည့် အလွန်ပြင်းထန်သော ရောဂါတစ်မျိုးဖြစ်သည်။ အရေးပေါ်ကြိုတင်ပြင်ဆင်ရေးတွင် အလုပ်လုပ်သောသူများနှင့် ဓာတ်ခွဲခန်းဝန်ထမ်းအချို့အပါအဝင် အချို့လူများသည် ရေကျောက်ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေ အစဉ်အမြဲရှိနေသည်။ ဤဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့နိုင်ပြီး အဖျားတက်ခြင်းနှင့် အရေပြားအဖုအပိမ့် အနီကွက်များထခြင်း ပါဝင်သည့် ရောဂါလက္ခဏာများကို ဖြစ်ပွားစေသည်။ ယခင်က ရေကျောက်ရောဂါဖြစ်ဖူးသော လူအများစုသည် ပြန်လည်သက်သာလာသော်လည်း ရောဂါရှိသော လူ 10 ဦးလျှင် 3 ဦးခန့်သည် သေဆုံးခဲ့ကြသည်။

မျောက်ကျောက်ရောဂါသည် ရေကျောက်နှင့် ဆင်တူသော်လည်း ၎င်း၏ ရောဂါလက္ခဏာမပြင်းထန်ဘဲ ပိုပျော့သော ရောဂါလက္ခဏာများရှိသည့် ရှားပါးရောဂါတစ်ခုဖြစ်သည်။ သို့သော် မျောက်ကျောက်ရောဂါသည် သေစေနိုင်သည်။ မျောက်ကျောက်ရောဂါသည် အာဖရိကတွင် စတင်ပေါ်ပေါက်လာသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ပြည်ပမှကူးစက်ပြီး ပြည်တွင်းသို့ ရောက်ရှိလာသော မျောက်ကျောက်ရောဂါလူနာများ၏ ရောဂါဖြစ်ပွားမှုသည် တစ်ခါတစ်ရံတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများတွင် ဖြစ်ပွားသည်။

လူများက ရောဂါကူးစက်ခံထားရသူများနှင့် ထိတွေ့မိသည့်အခါ (အခြားရေကျောက်ကာကွယ်ဆေးတစ်မျိုးဖြစ်သည့် ACAM2000® ဖြင့် မကြာသေးမီက ကာကွယ်ဆေးထိုးထားသောတစ်စုံတစ်ဦးနှင့် ထိတွေ့မှုကဲ့သို့) သို့မဟုတ် တိရိစ္ဆာန်များနှင့် ထိတွေ့သည့်အခါ Vaccinia ဗိုင်းရပ်စ်သည် ရောဂါဖြစ်ပွားစေနိုင်သည်။ ဓာတ်ခွဲခန်းများတွင် vaccinia ဗိုင်းရပ်စ်ဖြင့် အလုပ်လုပ်ရသော လူများသည် ထိုဗိုင်းရပ်စ်နှင့် မတော်တဆထိတွေ့နိုင်ပြီး ၎င်းတို့ ရောဂါကူးစက်ကျမိပါက ဖျားနာလာနိုင်သည်။ သို့သော် vaccinia ဗိုင်းရပ်စ် ကူးစက်မှုအများစုသည် ကုသမှုမခံယူဘဲ သူ့အလိုလို ပျောက်ကင်းသွားကြသည်။

## 2. ရေကျောက်/မျောက်ကျောက်ရောဂါ ကာကွယ်ဆေး (JYNNEOS™)

ရေကျောက်/မျောက်ကျောက်ရောဂါ ကာကွယ်ဆေး (JYNNEOS™) ကို အားပျော့သော သက်ရှိ vaccinia ဗိုင်းရပ်စ်ကို အသုံးပြု၍ ဖန်တီးထားခြင်းဖြစ်ပြီး ရေကျောက်၊ မျောက်ကျောက် သို့မဟုတ် အခြားကူးစက်ရောဂါမှန်သမျှကို မဖြစ်ပွားစေနိုင်ပါ။

JYNNEOS™ ကို ရေကျောက် သို့မဟုတ် မျောက်ကျောက်ရောဂါ ကူးစက်နိုင်ခြေမြင့်မားသော **အသက် 18 နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများတွင် ရေကျောက်နှင့် မျောက်ကျောက်ရောဂါကို ကာကွယ်ရန်အတွက်** အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန (Food and Drug Administration, FDA) မှ ထောက်ခံချက်ပေးထားသည်။

- CDC မှ ကျောက်ရောဂါဗိုင်းရပ်စ် ကူးစက်မှုများကို ဖြစ်စေသည့် ဗိုင်းရပ်စ်များနှင့် ထိတွေ့နိုင်သည့် အချို့သော ဓာတ်ခွဲခန်းဝန်ထမ်းများနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များအတွက် JYNNEOS™ ကို အကြံပြုသည်။
- CDC သည် ACAM2000® ကို ထိုးပေးသော သို့မဟုတ် ကျောက်ရောဂါဗိုင်းရပ်စ်များ ကူးစက်ခံရသောလူနာများကို ပြုစုစောင့်ရှောက်သောလူများအတွက် ကာကွယ်ဆေးကို ထည့်သွင်းစဉ်းစားရန် အကြံပြုသည်။

JYNNEOS™ ကို ပုံမှန်အားဖြင့် 2 ကြိမ်ကို 4 ပတ်ခြား၍ ထိုးရသည်။ ယခင်က ရေကျောက်ကာကွယ်ဆေး ထိုးဖူးသောလူများသည် 1 ကြိမ်သာထိုးရန် လိုအပ်ပါမည်။

လူတစ်ဦးက ရေကျောက်၊ မျောက်ကျောက် သို့မဟုတ် အခြား ကျောက်ရောဂါဗိုင်းရပ်စ်များနှင့် ဆက်လက်ထိတွေ့နိုင်ခြေရှိပါက 2 နှစ် သို့မဟုတ် 10 နှစ်လျှင် တစ်ကြိမ် ထပ်ဆောင်းကာကွယ်ဆေးများကို ထိုးနှံ့ရန် အကြံပြုသည်။ သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူက နောက်ထပ်အချက်အလက်များကို သင့်အား ပေးနိုင်ပါသည်။

## 3. သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေး ထိုးပေးမည့်သူထံ အောက်ပါအချက်များအား ပြောပြပါ-

- **ယခင်က ရေကျောက် ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးနောက် ဓာတ်မတည့်သည့် တုံ့ပြန်မှုဖြစ်ခဲ့ဖူးခြင်း** သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ်ခြိမ်းခြောက်သည်အထိ ဓာတ်မတည့်မှုတစ်စုံတစ်ရာ ရှိခဲ့ဖူးခြင်း**
- **အားနည်းသော ကိုယ်ခံအားစနစ်** ရှိနေခြင်း။
- ကိုယ်ဝန်ဆောင်နေခြင်း သို့မဟုတ် **ကိုယ်ဝန်ရှိလာ**နိုင်သည်ဟု ထင်ခြင်း သို့မဟုတ် **နို့တိုက်ကျွေးနေခြင်း**

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူသည် JYNNEOS™ ဖြင့် ရေကျောက်/မျောက်ကျောက် ကာကွယ်ဆေး ပုံမှန်ထိုးခြင်း (ဗိုင်းရပ်စ်မထိတွေ့မီ) ကို နောက်တစ်ကြိမ်ဆေးခန်းသို့လာမပြမီ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

အအေးမိခြင်းကဲ့သို့ အသေးစား နာမကျန်းမှုရှိသူများသည် ကာကွယ်ဆေး ထိုးနိုင်ပါသည်။ အတန်အသင့် သို့မဟုတ် ပြင်းထန်သော အဖျားရှိသူများသည် များသောအားဖြင့် JYNNEOS™ ပုံမှန်ထိုးခြင်း (ဗိုင်းရပ်စ်မထိတွေ့မီ) ကို မလုပ်မီ ၎င်းတို့သက်သာလာသည်အထိ စောင့်သင့်သည်။ **မျောက်ကျောက်ဗိုင်းရပ်စ်နှင့် ထိတွေ့မိသောကြောင့် JYNNEOS™ ကို ထိုးရန် သင့်ကို အကြံပြုထားပါက သင်သည် ဖျားနာမှု၊ ကိုယ်ဝန်ဆောင်နေခြင်း၊ နို့တိုက်ကျွေးခြင်း သို့မဟုတ် ကိုယ်ခံအား စနစ်အားနည်းခြင်းတို့ တစ်ချိန်တည်းဖြစ်နေသည့်တိုင် ကာကွယ်ဆေးထိုးသင့်သည်။**

JYNNEOS™ ကို ပုံမှန်အားဖြင့် အခြားကာကွယ်ဆေးများ၏ ဆေးထိုးရန်သတ်မှတ်ထားချိန်ကို ထည့်မတွက်ဘဲ ထိုးနိုင်သည်။ သို့သော် ဆယ်ကျော်သက် သို့မဟုတ် အရွယ်ရောက်ပြီးစအမျိုးသားများအပါအဝင် myocarditis (နှလုံးကြွက်သားရောင်ရမ်းခြင်း) ဟု ခေါ်သော ရောဂါအခြေအနေ ဖြစ်ပွားနိုင်ခြေမြင့်သော လူအချို့သည် JYNNEOS™ ကာကွယ်ဆေးထိုးပြီးနောက် COVID-19 ကာကွယ်ဆေးအချို့ကို မထိုးနှံမီ 4 ပတ်စောင့်ရန် စဉ်းစားသင့်သည်။ **မျောက်ကျောက်ရောဂါဗိုင်းရပ်စ်နှင့် ထိတွေ့မိသောကြောင့် JYNNEOS™ ကို ထိုးနှံရန် သင့်ကို အကြံပြုထားပါက သင်သည် မကြာသေးမီက COVID-19 ကာကွယ်ဆေးတစ်ကြိမ်ထိုးထားလျှင်ပင် ကာကွယ်ဆေးထိုးသင့်သည်။**

## 4. ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

- နီမြန်းခြင်း၊ နာကျင်ခြင်း၊ ရောင်ရမ်းခြင်းနှင့် ထိုးသည့်နေရာတွင် ယားယံခြင်းတို့သည် JYNNEOS™ ကာကွယ်ဆေးထိုးပြီးနောက်ဖြစ်ပွားသည့် အဖြစ်အများဆုံးအရာများဖြစ်သည်။
- ပင်ပန်းနွမ်းနယ်ခြင်း (မောပန်းခြင်း)၊ ခေါင်းကိုက်ခြင်းနှင့် ကြွက်သားနာကျင်ခြင်းတို့သည်လည်း JYNNEOS™ ကာကွယ်ဆေးထိုးပြီးနောက် တစ်ခါတစ်ရံဖြစ်ပွားနိုင်သည်။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း သို့မဟုတ် အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နားထဲတွင်အသံမြည်ခြင်း ခံစားရပါက သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူအား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓာတ်မတည့်ခြင်း၊ ပြင်းထန်သော ထိခိုက်ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

သင်၏ စမတ်ဖုန်းကို အသုံးပြုပြီး [vsafe.cdc.gov](vsafe.cdc.gov) သို့ သွားခြင်းဖြင့် JYNNEOS™ ကာကွယ်ဆေး ထိုးပြီးတိုင်း V-safe တွင် စာရင်းသွင်းနိုင်သည်။ V-safe သည် JYNNEOS™ ကာကွယ်ဆေးထိုးပြီးနောက် သင် သို့မဟုတ် သင့်မှီခိုသူ မည်သို့ခံစားရပုံကို CDC ထံ အသိပေးနိုင်သည့် ဘေးကင်းရေး စောင့်ကြည့်မှုစနစ်တစ်ခုဖြစ်သည်။ နောက်ထပ်အချက်အလက်များအတွက် [www.cdc.gov/vsafe](www.cdc.gov/vsafe) သို့ ဝင်ကြည့်ပါ။

## 5. ပြင်းထန်သော ပြဿနာ ဖြစ်ပေါ်လာခဲ့လျှင် ဘာလုပ်ရမလဲ။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်သည့် တုံ့ပြန်မှု ဖြစ်ပေါ်နိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှု လက္ခဏာများ (အင်ပျဉ်ထခြင်း၊ မျက်နှာနှင့် လည်ပင်း ရောင်ရမ်းလာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ရှိရပါက **9-1-1** သို့ ခေါ်ဆိုပြီး ထိုပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူထံ ဖုန်းခေါ်ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား ကာကွယ်ဆေး ဓာတ်မတည့်မှု အဖြစ်အပျက် သတင်းပို့မှု စနစ် (Vaccine Adverse Event Reporting System, VAERS) သို့ သတင်းပို့သင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ပုံမှန်အားဖြင့် ဤသတင်းပို့မှုကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်သည်။ VAERS ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် [www.vaers.hhs.gov](www.vaers.hhs.gov) သို့ ဝင်ကြည့်ပါ သို့မဟုတ် **1-800-822-7967** သို့ ခေါ်ဆိုပါ။ *VAERS သည် ဓာတ်မတည့်သည့် တုံ့ပြန်မှုများကို သတင်းပို့ရန်အတွက်သာ ဖြစ်ပြီး VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဘက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6. တန်ပြန်ရေးအစီအမံအဖြစ် ထိခိုက်ဒဏ်ရာရမှု လျော်ကြေးငွေ အစီအစဉ်

တန်ပြန်ရေးအစီအမံအဖြစ် ထိခိုက်ဒဏ်ရာရမှု လျော်ကြေးငွေ အစီအစဉ်သည် အချို့သော ဆေးဝါးများ သို့မဟုတ် ကာကွယ်ဆေးများကြောင့် အပြင်းအထန် ထိခိုက်သွားသော လူအချို့၏ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကုန်ကျစရိတ်များနှင့် အခြားသီးခြားအသုံးစရိတ်များကို ကူညီပေးချေနိုင်သည့် ဖက်ဒရယ် အစီအစဉ်တစ်ခု ဖြစ်သည်။ ရေကျောက်/မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကြောင့် သင်ထိခိုက်ထားပါက သင်သည် အစီအစဉ်၏ ဝက်ဘ်ဆိုက်ဖြစ်သည့် [www.hrsa.gov/cicp](www.hrsa.gov/cicp) သို့ ဝင်ကြည့်၍ဖြစ်စေ၊ **1-855-266-2427 (855-266-CICP)** သို့ ခေါ်ဆို၍ဖြစ်စေ ဤအစီအစဉ်အကြောင်း နောက်ထပ် လေ့လာနိုင်သည်။

## 7. ဘယ်လိုမျိုး နောက်ထပ် လေ့လာနိုင်သလဲ။

- သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူထံ မေးမြန်းပါ။
- သင်၏ဒေသန္တရ သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ဖုန်းခေါ်ဆိုပါ။
- ကာကွယ်ဆေး အညွှန်းစာစောင်များနှင့် နောက်ထပ်အချက်အလက်များအတွက် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ဝက်ဘ်ဆိုက် [www.fda.gov/vaccines-blood-biologics/vaccines](www.fda.gov/vaccines-blood-biologics/vaccines) သို့ ဝင်ကြည့်ပါ။
- ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ဟန့်တားရေး ဗဟိုဌာန (Centers for Disease Control and Prevention, CDC) ကိုဆက်သွယ်ပါ-
  - **1-800-232-4636 (1-800-CDC-INFO)** ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ်
  - CDC ၏ ဝက်ဘ်ဆိုက် [www.cdc.gov/poxvirus/monkeypox](www.cdc.gov/poxvirus/monkeypox) သို့ ဝင်ကြည့်ပါ။